ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်။

စာအမှတ်၊ ၁ဆဘ (ဓ) ၂၀၂၀ ( ၂၈၈၀)။
ရက်စွဲ၊ ၂၀၂၀-ခုနှစ်၊နိုဝင်ဘာလ ( ၆ )ရက်။

အကြောင်းအရာ။ ။ **အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း။**

၁။ ၂၀၂၀ -၂၀၂၁ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ပူးတွဲပါ လျှပ်စစ်သုံး (office) ပစ္စည်းများ ဝယ်ယူလိုပါ၍ တရားဝင် အသိအမှတ်ပြုလိုင်စင်ရကုမ္ပဏီများ၊အရောင်းဆိုင်များထံမှ အိတ်ဖွင့် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **<u>တင်ဒါအချက်အလက်များ</u>**

တင်ဒါတင်သွင်းသူသည် အောက်ဖော်ပြပါအချက်အလက်များနှင့်အညီ ဥက္ကဋ္ဌ တင်ဒါ လက်ခံရေးနှင့် စိစစ်ရေးကော်မတီသို့ လိပ်မူ၍ တင်ပြရမည်။

(က) တင်ဒါပုံစံကို အတွင်းရေးမှူး တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီထံတွင် တစ်စောင်လျှင် (၂၀၀၀ိ/-) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။
(ခ) ပစ္စည်းတစ်မျိုးစီ၏ ဈေးနှုန်းနှင့် စုစုပေါင်းတန်ဘိုးကို တွက်ချက်တင်ပြရန်။
(ဂ) ပစ္စည်းအမျိုးအစားနှင့် ပစ္စည်းထုတ်လုပ်သောကုမ္ပဏီကို ဖော်ပြရန်။
(ဃ) ကုမ္ပဏီအရောင်းဆိုင်အဖြစ် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ အထောက်အထား မိတ္တူ တင်ပြရန်။
(င) ပစ္စည်းအတွက် အာမခံသည့် အချိန်ကာလကို ဖော်ပြရန်။(Warranty)
(စ) ပစ္စည်းပေးသွင်းနိုင်သည့် ကာလဖော်ပြရန်။

၃။ **<u>တင်ဒါစည်းကမ်းသတ်မှတ်ချက်များ</u>**

(၁) ပစ္စည်းအမျိုးအစားနှင့် စံနှုန်းသတ်မှတ်မှန်ကန်မှုရှိရမည်။
(၂) ပစ္စည်းများကို ဤတက္ကသိုလ်သို့ မိမိအစီအစဉ်ဖြင့် လာရောက်ပေးပို့ရမည်။
(၃) တင်ဒါရွေးချယ်ခြင်း မခံရသူများအား အကြောင်းပြန်ကြားမည် မဟုတ်ပါ။
(၄) အချက်အလက်မပြည့်စုံသော အိတ်ဖွင့်တင်ဒါနှင့် မည်သည့်တင်ဒါမဆို အကြောင်းတစ်စုံတစ်ရာဖော်ပြခြင်းမရှိဘဲ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ ပယ်ချနိုင်ပါသည်။
(၅) တင်ဒါရရှိသူသည် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် စာချုပ်ချုပ်ဆိုရမည်။
(၆) စာချုပ်ပါစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။
(၇) စာချုပ်ပါစည်းကမ်းများကို ချိုးဖောက်ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်။